MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

## ဈေးရုံ မီးလောင်မှုဖြစ်ရပ် အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်

### "၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် တညင်းကုန်း လက္ကားဈေးကြီးအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှု နှင့် ပတ်သက်၍ အစုရှယ်ယာရှင်များအား အသိပေးကြေငြာချက်"

**လေးစားအပ်ပါသော အစုရှယ်ယာရှင်များ**

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ တညင်းကုန်းလက်ကားဈေးကြီး အတွင်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့ညတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုနှင့်ပတ်သက်၍ သတင်းအချက် အလက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

### ဖြစ်စဉ်အကျဉ်းချုပ်

- နေ့ရက် - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။
- မီးလောင်မှုဖြစ်သော ဈေးရုံ - ဈေးရုံအမှတ် (၃) (ကုန်မျိုးစုံကုန်ခြောက်နှင့် စားဖိုဆောင်သုံးဝလံပစ္စည်းများ ရောင်းဝယ်သည့်ဈေးရုံ )
- မီးစတင်လောင်သည့်အချိန် - ည ၀၈:၀၀ နာရီခန့်
- မီးထိန်းနိုင်သည့်အချိန် - ည ၀၈:၂၆ နာရီခန့်
- မီးငြိမ်းသတ်နိုင်သည့်အချိန် - ည ၀၈:၄၆ နာရီခန့်
- ပျက်စီးသောဆိုင်ခန်း အရေအတွက် - ဆိုင်ခန်း (၇) ခန်း
- မီးလောင်မှုစတင်ဖြစ်ပွါးရသောအကြောင်းအရင်း - မီးသတ်ဦးစီးဌာန၏ သုံးသပ်ချက်အရ ဈေးဆိုင်အတွင်းရှိ ဈေးရောင်းချသူ၏ inverter မှ ဝိုင်ယာရှော့ဖြစ်ခြင်း

### ဆုံးရှုံးမှုအခြေအနေ အသေးစိတ်စာရင်းနှင့် အာမခံ ပေးလျော်ငွေရရှိမှုပမာဏ

တညင်းကုန်းဈေး ဈေးရုံ၃ အတွင်းရှိ ဆိုင်ခန်း (၇) ခန်းခန့် မီးလောင်ခြင်းဖြစ်သဖြင့် ဆုံးရှုံးမှုအနည်းငယ်သာ ဖြစ်ခဲ့ပါသည်။ တညင်းကုန်းဈေးအတွင်းရှိ ယခု မီးလောင်ကျွမ်းခဲ့သောဈေးရုံ (၃) အပါအဝင် ဈေးရုံများအားလုံးကို မီးအာမခံ ထားရှိပြီးဖြစ်သဖြင့် အာမခံပေးလျော်ငွေ ရရှိရန်အတွက်လည်း အာမခံ ကုမ္ပဏီနှင့် ဆက်လက်ညှိနှိုင်း သွားမည်ဖြစ်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

## အဆိုပါမီးလောင်ကျွမ်းမှုကြောင့် စီးပွါးရေးလုပ်ငန်းပေါ်တွင် အကျိုးသက်ရောက်မှု

မီးလောင်မှုကြောင့် ပျက်ဆီးသွားသော ဆိုင်ခန်းများမှအပ ဈေးရုံအတွင်းရှိ ကျန်ဆိုင်ခန်းများမှာ ၂၇.၁၁.၂၀၂၅ ရက်နေ့တွင် ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်နေပြီဖြစ်ပါသည်။

မီးလောင်ကျွမ်းမှုကြောင့်ပျက်ဆီးဆုံးရှုံးသော အသေးစိတ်စာရင်းနှင့် အာမခံပေးလျော်ငွေရရှိမှုပမာဏများကို သိရှိပါက ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ နောင်တွင် မဖြစ်ပွါးစေရန်အတွက် ဈေးအတွင်း မီးဘေးအန္တရာယ်ပညာပေးမှုများ ပိုမို ဆောင်ရွက်သွားမည့်အပြင် မီးအန္တရာယ်နှင့်ပတ်သတ်၍ စည်းကမ်းများတင်းကြပ်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ မဆုံးရှုံးစေရန်နှင့် ဈေးသူဈေးသားများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုမရှိစေရန် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲရေးအဖွဲ့